# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတ သန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ် စ ရာ**

## ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပို၍ခိုင်မြဲသော အခင်းအကျင်းသစ်ဆီသို့ .....

ဆောင်းပါး | စာ ၆

## လှိုင်ကော်မြို့ပေါ်ရှိ သံဃာတော်များ ဝါတွင်းကာလသီတင်းသုံးနိုင်ရေး၊ စာသင်တိုက်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး စီမံဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း | စာ ၁၃

❖ *ရှေ့ဖုံးမှ*

ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့ ပေါက်မြိုင်ကျောင်းဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့ အင်းသာအရှေ့ကျောင်းဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ဇနီး ပါဠိတက္ကသိုလ် မင်္ဂလာဗျေယျုံစာသင်တိုက်ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

*စာမျက်နှာ ၃ မှ*

ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီးတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မူဆယ်မြို့ လောကမာန်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲနှင့် လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာဖွင့်

**မူဆယ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ လောကမာန်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲနှင့် လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘန္ဒန္တစန္ဒာဝရ (မဟာသဒ္ဓမ္မဇောတိက) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ လောကမာန်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူကြသည်။

ဆက်လက်၍ လွယ်တိန်ခမ်းတောင်ခြေ၌ တည်ဆောက်ထားသည့် လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာဖွင့်ပွဲကို ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာသဒ္ဓမ္မဇောတိက)၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ ဗိုလ်ချုပ်စိုးလှိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းဇော်နှင့်ဘိုးဘွားရိပ်သာ စောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာ ပိုင်ဆိုင်မှုအထောက်အထားများအား ခရိုင်အုပ်ချုပ်ရေးမှူးက ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ပြီး အလှူရှင်များနှင့် တည်ဆောက်ရေး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လွယ်တိန်ခမ်း ဘိုးဘွားရိပ်သာကို စေတနာရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၅၂၅၃၆၆၀၀၀ ဖြင့် စေတနာရှင်များ စုပေါင်းတည်ဆောက် လှူဒါန်းထားပြီး ရာသက်ပန် မတည်အလှူငွေကျပ် ၁၆၈၁၀၀၀၀၀ ဖြင့် ခိုကိုးရာမဲ့ သက်ကြီး ဘိုးဘွားများအား စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချယ်ရီမြေ**




## တိုက်ကြီးမြို့နယ် ပိတောက်တန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ပိတောက်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ပိတောက်တန်းကျေးရွာရှိ ရွှေပင်ဝင်းတောရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၁ ပါး၊ သီလရှင် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၆၇ ဦးတို့အား နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပို၍ခိုင်မြဲသော အခင်းအကျင်းသစ်ဆီသို့ .....

စွမ်းပြည့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးမယ်လို့ ကမ္ဘာသိ၊ မြန်မာသိအကြိမ်ကြိမ် ကတိကဝတ်ပြုထားချက်ကို အလေးအနက်ထားပြီး ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက ကြိုဆိုလျက်ရှိပါတယ်။ ဒီမိုကရေစီနဲ့သွားမယ်ဆိုရင် ရွေးကောက်ပွဲတွေဟာ အလွန်အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်တစ်ရပ်အနေနဲ့ ခေတ္တထိန်းသိမ်းထားတဲ့ နိုင်ငံတော်အာဏာဆိုတာ သင့်လျော်မှန်ကန်တဲ့အချိန်တစ်ခုမှာ ပြည်သူ့လက်ထဲ ပြန်လည်လွှဲပြောင်းရောက်ရှိမည်သာဖြစ်ပါတယ်။

**အနာဂတ်ဒီမိုကရေစီအတွက်**
**အခြေခံကျကျတည်ဆောက်နေမှုများ**

ဒီမိုကရေစီစနစ်နဲ့သွားခဲ့တဲ့ နိုင်ငံတော်ကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ဖို့ အားထုတ်ကြိုးပမ်းနေရတဲ့ တပ်မတော်နဲ့ပါတီတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံချစ်စိတ်ရှိတဲ့ ပြည်သူတွေရှိနေသမျှ ရွေးကောက်ပွဲကြီးဟာ အမှန်တကယ် ဖြစ်မြောက်လာမှာပါ။

ဖောက်ပြန်တဲ့ဒီမိုကရေစီနေရာမှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစံနှုန်းတွေ နေရာယူနိုင်မှသာ အနာဂတ်ဒီမိုကရေစီဟာ စိတ်ချရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစစ်စစ်ဆိုတာ အနည်းစု၊ အများစုဆိုပြီး လစ်ဟာမှုမရှိ၊ အားလုံးကို ကိုယ်စားပြုနိုင်မှသာ စစ်မှန်တဲ့ဒီမိုကရေစီဖြစ်ပါမယ်။ နိုင်ငံမှာလက်ရှိဖြစ်ပေါ်နေတဲ့ အကြမ်းဖက်ဖြစ်စဉ်တွေကြောင့်သာ ဒီမိုကရေစီဟာ ဆုတ်ယုတ်နေခြင်းဖြစ်တယ်ဆိုတာ ပြည်သူအများစုကြီးက သိနေကြပါပြီ။

တပ်မတော်က မတူညီမှုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ မိမိနိုင်ငံရဲ့အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီပုံစံဖြစ်ဖို့လည်း လိုအပ်တဲ့အပြင် ဒီမိုကရေစီကို အသက်ဝင်စေမယ့် မဲစာရင်းမှန်ကန်ရေးလို တန်းတူညီမျှပြီး ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့ အခြေခံကောင်းတွေကိုလည်း တည်ဆောက်ပေးနေရပါတယ်။ လူနည်းစုအမြင်တွေကို ပိုမိုထင်ဟပ်နိုင်ပြီး မဏ္ဍိုင်အားလုံးမှာ တိုင်းရင်းသားတွေကို ပိုမိုကိုယ်စားပြုလာနိုင်မယ့် ဖက်ဒရယ်အခွင့်အလမ်းများကိုလည်း စတင်ဖန်တီးပေးနေပါတယ် (ယခင်က ဖက်ဒရယ်အခွင့်အလမ်းများရှိခဲ့ရဲ့လားဆိုတာကို လုပ်ရပ်တွေနဲ့တကွ ပြန်လည်ဆန်းစစ်စေလို)။ အနာဂတ်နိုင်ငံအရေးမှာ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တာဝန်ယူနေပြီလည်းဖြစ်နေတယ်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲမှတစ်ဆင့် စွန့်စားရနိုင်ခြေနည်းပြီး သီအိုရီထက် ပိုပြီးလက်တွေ့ကျတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းဖို့ အခြေခံကောင်းတွေကို အချိန်တစ်ခုယူတည်ဆောက်နေရခြင်းသာ ဖြစ်ပါတယ်။

**တည်ငြိမ်အေးချမ်းရေးကသာ အဓိကဖြစ်**

အရေးကြီးဆုံးအချက်က လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးမှုပါပဲ။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေမှုများဟာ ရွေးကောက်ပွဲအတွက် အဓိကအဟန့်အတားတစ်ခုဖြစ်နေသလို အနာဂတ်မြန်မာ့နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးများအတွက်လည်း ကြီးမားတဲ့ စိန်ခေါ်ချက်ကြီးဖြစ်နေပါတယ်။

လုံးဝ အတွက်မှားလို့မရတဲ့ အခြေအနေမှာ တပ်မတော်ကတော့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို လုပ်နိုင်မယ့်ဒေသ၊ လုပ်နိုင်မယ့် အခြေအနေတွေအောက်မှာ လုပ်ပေးဖို့ တိကျသေချာတဲ့ တာဝန်ယူ၊ တာဝန်ခံမှုပါတဲ့ ကတိစကားကို ပေးခဲ့ပြီးပါပြီ။ ယခင်ကအကြားအလပ်မရှိ၊ ယခုအခြေအနေမှာတော့ လုပ်နိုင်မယ့် ဒေသအခြေအနေပေါ်မူတည်ပြီး အပိုင်းလိုက်ခွဲပြီး လုပ်သွားမယ့်သဘောဖြစ်ပါတယ်။ အခြေအနေချင်းက မတူတဲ့အတွက် လုပ်နိုင်တာကို စလုပ်မယ့်သဘောပါ။ ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ၊ ကိုယ်စားလှယ်တွေ၊ ဝန်ထမ်းတွေ၊ မဲပေးမယ့်ပြည်သူတွေ ခြိမ်းခြောက်မှုကင်းကင်း၊ ဖိအားကင်းကင်းနဲ့ လုပ်နိုင်မယ့်အခြေအနေအောက်မှာပဲ လုပ်ပေးသွားမယ့် စေတနာအရင်းခံသာဖြစ်ပါတယ်။

ခရီးရှည်ကြီးတစ်ခုသွားဖို့ ရည်မှန်းချက်တစ်ခုရောက်ဖို့ ပထမခြေလှမ်းတစ်လှမ်း စတင်လှမ်းလိုက်ခြင်းပါပဲ။ ဘယ်အရာမဆို တစ်ဆင့်ပြီးတစ်ဆင့်သွားဖို့ရန် ပထမတစ်ဆင့်ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ လုံခြုံရေးအရ လူထုနဲ့တိုက်ရိုက်ထိတွေ့ခွင့် ကင်ပိန်းနေရာမှာ လူထုကို အွန်လိုင်းကတစ်ဆင့် ထိတွေ့ရတာမျိုး၊ မီဒီယာပလက်ဖောင်းကနေ ဆက်ဆံရခြင်းမျိုးတွေကို ထိထိရောက်ရောက်လုပ်နိုင်အောင် ကြိုတင်စဉ်းစားထားရမှာဖြစ်ပါတယ်။ ဒါကလည်း ရွေးကောက်ပွဲကိုမလိုလား၊ ဒီမိုကရေစီကိုကျောခိုင်းနေကြတဲ့ အကြမ်းဖက်သမားတွေကြောင့်ပဲဖြစ်ပါတယ်။

> ❖ ဖောက်ပြန်တဲ့ဒီမိုကရေစီနေရာမှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစံနှုန်းတွေ နေရာယူနိုင်မှသာ အနာဂတ်ဒီမိုကရေစီဟာ စိတ်ချရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစစ်စစ်ဆိုတာ အနည်းစု၊ အများစုဆိုပြီး လစ်ဟာမှုမရှိ၊ အားလုံးကို ကိုယ်စားပြုနိုင်မှသာ စစ်မှန်တဲ့ဒီမိုကရေစီဖြစ်ပါမယ်။ နိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အကြမ်းဖက်ဖြစ်စဉ်တွေကြောင့်သာ ဒီမိုကရေစီဟာ ဆုတ်ယုတ်နေခြင်းဖြစ်တယ်ဆိုတာ ပြည်သူအများစုကြီးက သိနေကြပါပြီ
>
> ❖ ရွေးကောက်ပွဲရှိမှ ရွေးကောက်ပွဲရလဒ်နဲ့အတူ ဥပဒေပြုလွှတ်တော်ဆိုတာ ဖြစ်လာမယ်၊ ထိုမှတစ်ဆင့် အစိုးရတစ်ရပ်ဆိုတာ ဖြစ်လာမှာကိုး.. လွှတ်တော်ရှိမှသာ ပြင်စရာရှိတာ ပြင်နိုင်မယ်၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စတဲ့ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုပြီးဖြည့်ဆည်းလာနိုင်မှာဖြစ်သလို အားလုံးနဲ့ဆိုင်တဲ့ မျှော်လင့်ချက်တွေဟာလည်း ပြည့်ဝလာမှာဖြစ်ပါတယ်။ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခ၊ အနိဋ္ဌာရုံတွေဟာလည်း ရွေးကောက်ပွဲနဲ့အတူ လျော့ပါးသွားမှာဖြစ်ပါတယ်

**ရွေးကောက်ပွဲ ထိုမှတစ်ဆင့်**
**လွှတ်တော်နဲ့အစိုးရ**

စိုးရိမ်မှုမလွန်ကဲဖို့လည်း လိုပါတယ်။ စိုးရိမ်တိုင်းသာ ရွေးကောက်ပွဲမလုပ်ကြေးဆိုရင် ယခင်ကိုဗစ် - ၁၉ ကို ခက်ခက်ခဲခဲထိန်းချုပ်နေရတဲ့ကာလအတွင်း ၂၀၂၀ ရွေးကောက်ပွဲပင် ဖြစ်လာစရာအကြောင်း ရှိမှာမဟုတ်ပါဘူး။ ရွေးကောက်ပွဲလုပ်ပေးပြီး နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးဖို့ကို တပ်မတော်က လမ်းပြမြေပုံနဲ့တကွ အစကတည်းက သွားနေတာဖြစ်ပါတယ်။

ခေတ်အဆက်ဆက် တစ်ပါတီတည်းကပဲ လွှမ်းမိုးအုပ်ချုပ်တဲ့ ပုံစံကနေသွေဖည်ပြီး PR စနစ်ကျင့်သုံးဖို့လည်း အများသဘောတူ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဆက်လက်အသက်ဝင်နေဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ အရည်အချင်းရှိတဲ့ပါတီတွေ၊ ကိုယ်စားလှယ်တွေ ထွက်ပေါ်လာဖို့ အစဉ်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေအရ လွှတ်တော်အစည်းအဝေးအထမြောက်စေမယ့် အခြေအနေကောင်းတွေကိုလည်း ခန့်မှန်းလို့ ရနိုင်လောက်ပါတယ်။

ရွေးကောက်ပွဲရှိမှ ရွေးကောက်ပွဲရလဒ်နဲ့အတူ ဥပဒေပြုလွှတ်တော်ဆိုတာဖြစ်လာမယ်၊ ထိုမှတစ်ဆင့် အစိုးရတစ်ရပ်ဆိုတာ ဖြစ်လာမှာကိုး.. လွှတ်တော်ရှိမှသာ ပြင်စရာရှိတာ ပြင်နိုင်မယ်၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုပြီးဖြည့်ဆည်းလာနိုင်မှာ ဖြစ်သလို အားလုံးနဲ့ဆိုင်တဲ့ မျှော်လင့်ချက်တွေဟာလည်း ပြည့်ဝလာမှာဖြစ်ပါတယ်။ ပြည်သူတွေခံစားနေရတဲ့ ဒုက္ခ၊ အနိဋ္ဌာရုံတွေဟာလည်း ရွေးကောက်ပွဲနဲ့အတူ လျော့ပါးသွားမှာဖြစ်ပါတယ်။

**တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ပါ**

တပ်မတော်ဟာ ပြည်တွင်းလက်နက်ကိုင် အဖျက်သမားများစွာရဲ့ စစ်ရေးထိုးနှက်ချက်တွေကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း တစ်ဖက်ကပြည်သူတွေ တိုင်းရင်းသားတွေလိုချင်တဲ့ ရွေးကောက်ပွဲ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်နဲ့ လူမှုစီးပွားဘဝလိုလားချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ အပြင်းအထန်ကြိုးစားနေရပါတယ်။ တစ်နည်းအားဖြင့် တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲကို သဟဇာတဖြစ်နေအောင် စွန့်စားထမ်းရွက်နေခြင်းပါပဲ။ မူလအန္တိမရည်မှန်းချက်က ပြည်သူများအကြားအလပ်မရှိ မဲပေးနိုင်ရေး ဖြစ်ခဲ့ပေမယ့် အကြမ်းဖက်စစ်ရေးထိုးနှက်ချက်တွေကြောင့်နဲ့ အချုပ်အခြာအာဏာအပေါ် ဆိုးကျိုးသက်ရောက်မှုတွေကြောင့် မဲပေးနိုင်မယ့် ဧရိယာဟာ ထိခိုက်လျော့နည်းလာတဲ့အခြေအနေတွေ ဖြစ်လာရပါတယ်။

ဒီမိုကရေစီကို ကြောက်လန့်ပြီး ရွေးကောက်ပွဲမလိုလားတဲ့ လက်နက်ကိုင်တွေရဲ့ ရည်ရွယ်ချက်ဟာ စစ်ရေးအရ အကြမ်းဖက်တိုက်ခိုက်ပြီး ရွေးကောက်ပွဲများ ဖြစ်ပေါ်မလာရေးပါပဲ။ နိုင်ငံရေးနည်းအရ ရှေ့ရှည်သွားနိုင်မယ့်နည်းလမ်းကို စစ်ရေးနည်းလမ်းသာ အားပြုတတ်တဲ့ ပညာမဲ့တွေထက် တပ်မတော်က ပိုသိပါတယ်။ ရန်သူဖြစ်စေချင်တဲ့အတိုင်း မဖြစ်အောင် တတ်နိုင်သမျှထိန်းချုပ်ပြီး တပ်မတော်အနေနဲ့က အခြေခံဥပဒေမူဘောင်၊ NCA မူဘောင်အတွင်းကပဲ တည်ငြိမ်အေးချမ်းတဲ့ဒေသတွေ တိုးသည်ထက်တိုးလာအောင်နဲ့ လုံခြုံစိတ်ချရတဲ့ဝန်းကျင်တွေ တိုးတက်ဖြစ်ပေါ်လာအောင် ကြိုးစားထမ်းဆောင်နေရတဲ့ အခြေအနေအားလုံးကို လက်ရှိတွေ့မြင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က တချို့သူတွေ စွပ်စွဲသလို ရွေးကောက်ပွဲဟာ တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ လုံးဝမဖြစ်နိုင်တဲ့ ယူဆချက်ပါ။ တပ်မတော်က ရွေးကောက်ပွဲလုပ်ပေးမယ်ဆိုတဲ့ ကတိကဝတ် ပိုမိုခိုင်မာလာတာနဲ့အမျှ ပြည်သူလူထုရဲ့မျှော်လင့်ချက်နဲ့လည်း တစ်စထက် တစ်စ ပိုမိုနီးစပ်လာတာတွေ့ရပါတယ်။ ပြည်သူဘက်က တပ်မတော်ရဲ့တာဝန်ယူမှုအပေါ် ပိုပြီးယုံကြည်လာကြတယ်။ နိုင်ငံအတွက်၊ ပြည်သူအားလုံးအတွက် နိုင်ငံရေးထွက်ပေါက်ကို တပ်မတော်က ဖန်တီးပေးနေခြင်းသာဖြစ်တယ်။ ပြယုဂ်ကောင်းရုံမဟုတ် အနှစ်သာရရှိသော ရွေးကောက်ပွဲသာဖြစ်လိုတယ်။

ရွေးကောက်ပွဲဖြစ်မလာရင်သာ နိုင်ငံအခြေအနေဟာ ယခုထက်ပိုမိုဆိုးရွားသွားနိုင်ခြေရှိတာကို ပညာရှိသူတိုင်း မြင်နိုင်ပါတယ်။ ပြည်သူတွေဘက်ကသာ အဖျက်သမားတွေရဲ့ အပြောနဲ့လုပ်ရပ်အပေါ်မှာ တွေဝေမသွားဘဲ ရွေးကောက်ပွဲကသာ ငါတို့မျှော်လင့်ချက်၊ ငါတို့မျိုးဆက်တွေရဲ့အနာဂတ်၊ နိုင်ငံအတွက် ထွက်ပေါက်တစ်ခုအဖြစ် ယုံကြည်ကြစေလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကြီးဖြစ်မြောက်ဖို့ တပ်မတော်နဲ့ပူးပေါင်းပါ၊ စိန်ခေါ်မှုတွေ အခက်အခဲတွေလည်း မရှိမဟုတ် ရှိပါတယ်။ ရှိသော်လည်း စေတနာမှန်မှန်နဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းမယ်ဆိုရင် အားလုံးအတွက် သင့်လျော်မှန်ကန်တဲ့ ရွေးကောက်ပွဲနေ့ရက်တွေက မလွဲကေန် ပြည်သူ့ထံရောက်ရှိလာမှာပဲဖြစ်ပါတယ်။

သို့ပေမယ့် လက်ရှိအချိန်ထိတော့ တည်ငြိမ်အေးချမ်းပြီး လုံခြုံစိတ်ချရတဲ့ဝန်းကျင်ဖြစ်ဖို့ အာမခံချက်တွေဟာ စိန်ခေါ်မှုတွေအပြည့်နဲ့ ရှိနေဆဲပါ။ ကြိုးစားရင်ဆိုင်ရင်းနဲ့ပဲ တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းသွားမှာဖြစ်တယ်လို့ ကတိပေးပါတယ်။ ဘယ်လိုအသွင်ကူးပြောင်းမှုမျိုးမှာမဆို ဒရောသောပါးမလုပ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျသွားတာက ပိုခိုင်မြဲတယ်။ ပိုပြီးရင့်ကျက်မှုလည်းရှိမယ်ဆိုတာ ကျွန်တော်တို့ ပြည်သူတွေလည်း သင်ခန်းစာရသင့်သလောက် ရပြီးပါပြီ။

တစ်ခုပါပဲ။ လိုအပ်တာက ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးဖို့ပါပဲ။ နိုင်ငံရေးဆိုတာ ထက် မိမိတို့ရဲ့စားဝတ်နေရေး မနည်းလုံးပန်းနေရတဲ့ ပြည်သူလူထုအတွင်းမှာ ဒီမိုကရေစီအမြစ်တွယ်အောင် လုပ်ပေးနိုင်မယ့် အခွင့်အလမ်းကို မနားတမ်းဖမ်းယူဆုပ်ကိုင်ကြပါလို့ မေတ္တာရပ်ခံပါတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့စိတ်ရင်းဆန္ဒအမှန်ကို ဖော်ထုတ်နိုင်ခွင့် အခွင့်အရေးဟာ ရွေးကောက်ပွဲကလွဲ၍ အခြားမရှိပါဘူး။

ဘာပဲဖြစ်ဖြစ် မချောမွေ့လှတဲ့ မြန်မာ့နိုင်ငံရေးခရီးလမ်းကို အမြန်ချောမွေ့စေလိုတယ်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ ငြိမ်းချမ်းသာယာဝပြောစေလိုတယ်၊ စည်းလုံးညီညွတ်စေချင်တယ်ဆိုရင် ယခု တပ်မတော်က ခင်းပေးထားတဲ့ အခင်းအကျင်းမှာ အတူပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။ ပါတီတွေ၊ အဖွဲ့အစည်းတွေကလည်း အများအတွက်၊ ပြည်သူအတွက်၊ နိုင်ငံအတွက်ဆိုတဲ့ ခံယူချက်နဲ့အတူ အန္တရာယ်ကို အတူရင်ဆိုင်ကျော်လွှားကြရပါမယ်။ ပြည်သူအတွက် တာဝန်ထမ်းရမယ်။ ပါတီနိုင်ငံရေးထက် နိုင်ငံ့အရေးအတွက်ဆိုတဲ့ ခံယူချက်နဲ့ အန္တရာယ်ကိုရင်ဆိုင်ခြင်း၊ စွန့်စားမှုပြုခြင်းက အရည်အချင်းနဲ့ သတ္တိရှိသူများအတွက်သာလျှင် ဖြစ်ပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏လုပ်ငန်းစဉ်များနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်ပွဲနှင့် ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဇူလိုင် ၁၆**

ယွင်ထရန်းဟွာအုပ်စု ကုမ္ပဏီလီမိတက်က ချီးမြှင့်ထောက်ပံ့သည့် ပညာသင်ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးကိုယ်စားလှယ် စီပွားရေးသံမှူး Mr Ouyang Dao Bing ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယွင်ထရန်းဟွာအုပ်စု ကုမ္ပဏီလီမိတက်၏ မြန်မာပြည်အခြေစိုက် Shwe Crop Nutrients Co., Ltd. မှ ဒုတိယအထွေထွေမန်နေဂျာ MR. YUAN JUN နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်သံရုံးစီးပွားရေးသံမှူးနှင့် ယွင်ထရန်းဟွာအုပ်စု ကုမ္ပဏီလီမိတက် ဒုတိယအထွေထွေမန်နေဂျာတို့က ပညာသင်ဆုချီးမြှင့်ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြကာ ကျောင်းသား ကျောင်းသူများကို ယွင်ထရန်းဟွပညာသင်ဆုထောက်ပံ့ပေးအပ်ကြသည်။

ယွင်ထရန်းဟွာအုပ်စု ကုမ္ပဏီလီမိတက်အနေဖြင့် ပထမအကြိမ် ပညာသင်ဆုကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပညာသင်နှစ်သုံးနှစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၉၀၀၀ နှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၆၂ ဦးကို လည်းကောင်း၊ ဒုတိယအကြိမ် ပညာသင်ဆုအဖြစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၃၂ ဦးကို လည်းကောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တတိယအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူ ၁၀၇ ဦးကို လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာသင်ဆုချီးမြှင့်ပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ အသင်းလိုက် ဘောလုံးအားကစားယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဇူလိုင် ၁၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာအုပ်စု ကြီးကိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်-၂ ဦးကျော်လွင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူး ပြည့်ဖြိုးဟန်က စီမံကိန်းလုပ်ငန်းအား အဖွဲ့ခေါင်းဆောင်ထံ ပေးအပ်သည်။ အဆိုပါအခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းသို့ သင်တန်းသား ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကာ မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။



**ဖြူလူသစ် (ခရိုင် ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့်နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာပူး ပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာစီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေး အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးခြင်းတို့ကို IOM မှ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး IOM နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေး ကိစ္စရပ်များနှင့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းပြီး နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရွှေဘိုမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရွှေဘို ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက မောင်ခင်မင် (ဓနုဖြူ)ရေးသားသည့် အမွေခံသူတစ်ယောက် အမွေပေးသူတစ်ရာ စာအုပ်မှ "ပညာတတ်ဖို့စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ၊ ကျောင်းစာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေမှု၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ကျောင်းသား ကျောင်းသူလေးများအား ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်နှင့် ဒေါ်ဆန်းမြို့ကြွယ်တို့က ပုံပြင်ရုပ်ပြစာအုပ်များ ဖတ်ရှုပြသခြင်းများ ပြုလုပ်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကသာ၌ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးစီမံကိန်းလုပ်ငန်းဖြင့် စက်ချုပ်နည်းပညာ (ပထမအကြိမ်)သင်တန်း ဖွင့်လှစ်

**ကသာ ဇူလိုင် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်ချုပ်နည်းပညာ (ပထမအကြိမ်) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ကသာခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ယာယီသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကသာမြို့နယ် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အမှာစကားပြောပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စီမံကိန်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ လည်းကောင်း၊ စက်ချုပ်နည်းပညာ (မွမ်းမံ) သင်တန်းကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ လည်းကောင်း သင်တန်းသူ ၁၃ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းဖိုးနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်သွားမည်ဖြစ်သည်။

**ကျော်စွာ(ပြန်/ဆက်)**

# ၁၃၈၆ (၂၀၂၄) ခုနှစ်၊ (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၄ ဌာနတို့၌ ဇွန်(၇)ရက်မှ (၁၁)ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၇၄၄၂)ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ(၁၂၉၈၄)ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ(၇၁၉၂)ပါး ဖြစ်ရာ (၅၅ ဒသမ ၃၉)ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋ္ဌက)ဝိနည်းငါးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁၄၇၄) ပါး၊ လေးကျမ်းအောင် (၁၀၀၃)ပါး၊ သုံးကျမ်းအောင်(၉၄၄)ပါး၊ နှစ်ကျမ်းအောင် (၇၇၀)ပါး၊ တစ်ကျမ်းအောင်(၁၂၃၀)ပါးတို့ ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် (၁၄၇၄ )ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် မော်/၂၀၄၊ ရှင်ဆန္ဒကိတ္တိ အသက်(၁၆)နှစ်၊ အဘ ဦးဇော်ဦး၊ ပင်စိမ်းပင်ရွာ၊ ပင်းတယမြို့နယ်၊ ဖားအောက်တောရစာသင်တိုက်၊ ထောက်ကြံ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စိန်/၇၆၊ ရှင်ဝိစာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးထွန်း၊ အုန်းချောရွာ၊ ပုသိမ်ကြီးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စိန်/၁၄၆၊ ရှင်ပညာဒီပါလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးအကွေ၊ သာမညရွာ၊ ဘားအံမြို့နယ်၊ ရတနာပန်းကုံး ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် **ပထမ** ခုံအမှတ် မရ/၁၄၅၊ မစန္ဒာသိရီ၊ အသက်(၃၄)နှစ်၊ အဘ ဦးသန်းမောင်၊ အင်တောရွာ၊ ရေနံချောင်းမြို့နယ်၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဌက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၆၅)ပါး၊ နှစ်ကျမ်းအောင်(၁၅၅)ပါး၊ တစ်ကျမ်းအောင်(၁၁၂)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၂၆၅)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် ပူရ/၁၇၊ အရှင်ဝိစက္ခဏ၊ အသက်(၃၀)နှစ်၊ အဘ ဦးစိန်ငွေး၊ မြောက်ရွာ၊ မြင်းခြံမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် မဟမ/၁၊ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၁)နှစ်၊ အဘ ဦးမြငွေ၊ ဆယ်ရွာ၊ သုံးခွမြို့၊ ဓမ္မဒါယာဒကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် ဒဂရ/၂၊ အရှင်နန္ဒိသေနာလင်္ကာရ၊ အသက်(၂၉)နှစ်၊ အဘ ဦးထွန်းအေး၊ ရှားပြားရွာ၊ ပင်းတယမြို့နယ်၊ တိပိဋ္ဌကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဌက) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၉)ပါး၊ နှစ်ကျမ်းအောင်(၈၇)ပါး၊ တစ်ကျမ်းအောင်(၅၆)ပါးတို့ဖြစ်သည်။

အုပ်စု(၄)သံယုတ္တနိကာယ(သုတ္တန္တပိဋ္ဌက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၃၉)ပါး၊ နှစ်ကျမ်းအောင်(၂၀) ပါး၊ တစ်ကျမ်းအောင်(၁၁)ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဌက) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၇၉)ပါး၊ နှစ်ကျမ်းအောင်(၁၉၀)ပါး၊ တစ်ကျမ်းအောင်(၁၆၀)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင်(၂၇၉)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် စက/၂၃၊ အရှင်ဝေသာရဇ္ဇာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ ဦးမင်းဆောင်၊ ကွမ်းတောရွာ၊ မြိုင်မြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စိန်/၁၇၊ အရှင်ကောလိယာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးစံညွန့်၊ တိန်းပန်ရွာ၊ လားရှိုးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၂၄၊ အရှင်ပါမောဇ္ဇ၊ အသက်(၂၁)နှစ်၊ အဘ ဦးခင်မောင်စိုး၊ ထန်းတပင်ရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋ္ဌက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၂)ပါး၊ လေးကျမ်းအောင်(၃)ပါး၊ သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင်(၅)ပါး၊ တစ်ကျမ်းအောင်(၆)ပါးတို့ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋ္ဌက) ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(၂)ပါး၊ လေးကျမ်းအောင်(–)ပါး၊ သုံးကျမ်းအောင်(၁)ပါး၊ နှစ်ကျမ်းအောင်(၂)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ဖြစ်ပါသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဌက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၁၄၇)ပါး၊ တစ်ကျမ်းအောင်(၁၂၂)ပါးတို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင်(၁၄၇) ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခုံအမှတ် မဟမ/၂၊ အရှင်နန္ဒောဘာသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ အဘ ဦးသန်းဝင်း၊ နတ်ရေကန်ရွာ၊ ချောင်းဦးမြို့နယ်၊ ဓမ္မဝေဒဂူကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စိန်/၂၊ အရှင်ကေတုမာလာလင်္ကာရ၊ အသက်(၂၃)နှစ်၊ အဘ ဦးသန်းစိုးနိုင်၊ တောင်တွင်းကြီးမြို့၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၅၊ ရှင်ပညာစက္ကာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ ဦးလှကျော်၊ တပ်ပေါင်းရွာ၊ ဆိပ်ဖြူမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဌက)(ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၆)ပါး၊ သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(၆)ပါး၊ တစ်ကျမ်းအောင်(–)ပါးတို့ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋ္ဌက)ဝိနည်းအဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(၈)ပါး၊ တစ်ကျမ်းအောင်(၁၀)ပါးတို့ဖြစ်ပါသည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဌက)ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၄)ပါး၊ နှစ်ကျမ်းအောင် (၅)ပါး၊ တစ်ကျမ်းအောင် (၃)ပါးတို့ဖြစ်သည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဌက) မဇ္ဈိမနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋ္ဌက) သံယုတ္တနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁) ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင်(–) ပါးတို့ ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဌက)အင်္ဂုတ္တိုရ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၃)ပါး၊ နှစ်ကျမ်းအောင်(–)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဌက) အဋ္ဌကထာ (မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၂)ပါး၊ တစ်ကျမ်းအောင်(–)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋ္ဌက) အဋ္ဌကထာ (မဟာဝိဒူတန်း)ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ(၃)ပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)၊ (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကို ဝိဒူတန်းအုပ်စု(၉) အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇) အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း (၇၁၉၂)ပါး ဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)၊ (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov. mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်း လှုပ်ရှားမှုပုံရိပ်များ(၁) စာအုပ်ထုတ်ဝေ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၁၄ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ယခုအခါ တတိယသက်တမ်းသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စာပေနှင့် သတင်းမီဒီယာနယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ ပါဝင်သောကောင်စီဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

**ညှိနှိုင်းဖြေရှင်းပေးခြင်းများဆောင်ရွက်ခဲ့**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတတိယသက်တမ်းသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကို သတင်းမီဒီယာဌာနအသီးသီးမှ သတင်းမှန်ထုတ်ပြန်နိုင်ရေး၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ သတင်းမီဒီယာသမားများ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊ သတင်းတု သတင်းမှားများကို စိစစ်ဝေဖန်သုံးသပ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတွင် ဟောပြောပွဲများ ကျင်းပလျက် သတင်းမီဒီယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့် ညီညွတ်မှုမရှိသဖြင့် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုကိစ္စများအပေါ်တွင်လည်း နစ်ဖက်ညှိနှိုင်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့သည်များကို မှတ်တမ်းအဖြစ် ပြုစုထားရှိသည့် "မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ တတိယသက်တမ်းလှုပ်ရှားမှုပုံရိပ်များ (၁) စာအုပ်" ကို ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။

**အခမဲ့ပေးပို့လှူဒါန်းသွားမည်**

အဆိုပါစာအုပ်ကို ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာလုပ်ငန်းနှင့်ဆက်စပ်ပြီး စိတ်ပါဝင်စားသောအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ လေ့လာလိုသူများအတွက် အခမဲ့ဖြန့်ချီ လှူဒါန်းလျက်ရှိပြီး မည်သည့်စာကြည့်တိုက်များမဆို မှတ်တမ်းအဖြစ်ထားရှိလိုပါက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ




ဖုန်း – ၀၉၄၄၈၀၂၆၃၂၆ သို့ ဆက်သွယ်မှာကြားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အခမဲ့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငုံးဥပြုတ်သည်ကလေးများ

**၂၀၁၇ ခုနှစ် နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းပါ ကဗျာတစ်ပုဒ်ကို ဖတ်မိ၍ ဤဆောင်းပါးကို ရေးပါသည်။ ကဗျာသည် ရုပ်သိပ်မလှသော်လည်း စိတ်အလွန်လှသည့် မိန်းကလေးနှင့် တူလေသည်။ ကဗျာဆရာ့ ကိုယ်တွေ့ သို့မဟုတ် တစ်ဆင့်ကြားကို ရေးဖွဲ့ပုံရသည်။ ကဗျာရေးသူသည် ယခုအခါတွင် မဂ္ဂဇင်းတစ်စောင်၌ စာတည်းဖြစ်နေပြီ။ ကဗျာကို အပိုဒ် လေးပိုဒ်ဖြင့် ဖွဲ့စည်းထားသည်။**

***ကို (တက္ကသိုလ်)***

- **ဆင်းရဲသော စျေးသည်ကျောင်းသားကလေးများကို ကဗျာဆရာက အညွန့်တုံး ဘဝဆုံးမည့်သူများအဖြစ် နှိမ့်ချမမြင်သလို၊ အမှတ်တမဲ့လျစ်လျူရှုသွားခြင်းလည်း မရှိဘဲ၊ အညွန့်တလူလူနှင့် နောင်တစ်ခေတ်၏ မျိုးဆက်သစ်၊ တိုင်းပြည်၏ သွေးရင်းသားရင်းအားထားရမည့်သူများအဖြစ် မျှော်မှန်းအားပေး ရေးဖွဲ့ထား**
- **ရုပ်သွင်မှာ ရွက်ကြမ်းရေကျိုဖြစ်သော်လည်း စိတ်စေတနာအလွန်လှသော ကဗျာလေးဖြစ်ပါသည်။ အရောင်ဆိုးခြင်းမခံရသော ငုံးဥပြုတ်သည်ကလေးများ ဖြစ်လေသည်။ ပညာလိုလားသူကလေးတွေ ဖြစ်လေသည်။ လူငယ်ပညာရေးကို ပါးစပ်ဖြင့်မပြောဘဲ မရှိရှိတာကို လက်တွေ့မျှဝေပြလိုက်သော ပန်းချီကားတစ်ချပ်ဖြစ်**

နိဒါန်းချီသော ပထမအပိုဒ်တွင် ကဗျာဆရာ၏ လတ်တလော ဒုက္ခကို ဖော်ပြသည်။ သူ့ဒုက္ခမှာ ငွေကြေးပြတ်လပ်မှု၊ ငွေကြေးကျပ်တည်းမှု ဖြစ်သည်။ အဝေးပြေးလိုင်းကားကြီးကို စီးလာသော်လည်း သူ့အိတ်ထောင်က ပြားချပ်နေသည်။ ကြားစခန်းတွင် ကားခေတ္တရပ်နားချိန် ခရီးသည်များ ဖွယ်ဖွယ်ရာရာ ဝယ်စားကြသော်လည်း သူဝယ်မစားနိုင်ချေ။ သူ့မှာ ငွေကြေးအနည်းငယ်သာ ပါလာသည်။ ရှေ့တွင် သုံးစွဲရဦးမည်ကို တွက်ချက်၍ ခြိုးခြံချွေတာရပုံပေါ်သည်။ သူလည်း ဆာရှာပေမည်။ ဆိုင်ခန်းတန်းကြီးတစ်လျှောက် လတ်လျားလတ်လျားလျှောက်ရင်း ပူဆာသောဝမ်းမီးကို ရေသောက်ငြိမ်းသတ်ရပုံမှာ ကရုဏာသက်ဖွယ်ပင်။ ပထမအပိုဒ်ကို အောက်ပါအတိုင်း ရေးဖွဲ့ထားသည်–

**တစ်နေ့ခါတွင်**
**ငါလျှင်ခရီး၊ ဆက်နေပြီး၍**
**ကြီးမားဒုက္ခ၊ ဖြစ်လာရသည်**
**ပါးလျငွေကြေး၊ နည်းငယ်လေးဖြင့်**
**အဝေးပြေးကား၊ ခေတ္တနားသော်**
**စားရန်မလောက်၊ ဟိုသည်လျှောက်ကာ**
**ရေသောက်၍သာ နေရစဉ် . . . .။**

ဝမ်းမီးကို ရေသောက်ငြိမ်းသတ်နေစဉ် ကဗျာဆရာ့အာရုံက မူလတန်းကျောင်းသားအရွယ်ကလေးတစ်စုထံ ရောက်သွား၏။ ငုံးဥပြုတ်ရောင်းနေကြသူ ကလေးတွေဖြစ်သည်။ ငုံးဥပြုတ်တွေ ထည့်ထားသော ပလတ်စတစ်အိတ်အထုပ်ကလေးများကို ကိုင်ကာ မြှောက်ကာဖြင့် "တစ်ထုပ်နှစ်ရာ . . . တစ်ထုပ်နှစ်ရာ" ဟု ချစ်ချစ်တောက် ပူလောင်သော နေပူရှိန်ကို အန်တုကာ စျေးရောင်းနေကြပုံကို . . . .

**"တစ်ထုပ်နှစ်ရာ"၊ တစာစာနှင့်**
**ယူပါ ဝယ်ပါ၊ အော်ဟစ်ကာဖြင့်**
**နွေရာသီပူ၊ ထိုအပူကို**
**သူတို့တွန်းလှန်၊ ဇိမ်မခံဘဲ**
**မှန်စွာရောင်းမှု၊ နေ့စဉ်ပြုသည်**
**ငုံးဥပြုတ်သည်ကလေးများ . . . .** ဟု ဖွဲ့ဆိုလေသည်။

ရသစာရေးဆရာ၊ ကဗျာဆရာ စသော Creative Art သမားများသည် သူများတကာထက် စူးရှသော အမြင်အတွေးရှိတတ်ကြသည်။ ကဗျာဆရာသည် စျေးသည်ကလေးတွေ စျေးရောင်းနေတာပဲဟု သာမန်ကာလျှံကာမြင်ရုံနှင့် ပြီးမသွားဘဲ မေးမြန်းစူးစမ်းလေသည်။ ထိုအခါ မိဘတွေ၏ စီးပွားရေးအခက်အခဲနှင့် ပညာရေးအလေးထားပုံကို သိမြင်လိုက်လေသည်။ စတုတ္ထတန်း အောင်မြင်ပြီး ပဉ္စမတန်းတက်မည့် ကျောင်းသားကလေးတစ်စုသည် ဒီပြင်ကျောင်းသားတွေ နားနေသော နွေကျောင်းပိတ်ရက်တွင် သမ္မာအာဇီဝ ('မှန်စွာရောင်းမှု'ဟု ကဗျာတွင်ဖွဲ့ဆို) စျေးရောင်းကာ ကိုယ့်အားကိုယ်ကိုး၍ နောက်နှစ်အတွက် ကျောင်းစရိတ် ရှာဖွေစုဆောင်းခြင်းဖြစ်လေသည်။ မိဘတွေကို အရွယ်နှင့်မလိုက်အောင် ကူညီခြင်းဖြစ်သည်။

ဆင်းရဲသော စျေးသည် ကျောင်းသားကလေးများကို ကဗျာဆရာက အညွန့်တုံး ဘဝဆုံးမည့်သူများအဖြစ် နှိမ့်ချမမြင်သလို၊ အမှတ်တမဲ့လျစ်လျူရှုသွားခြင်းလည်း မရှိဘဲ၊ အညွန့်တလူလူနှင့် နောင်တစ်ခေတ်၏ မျိုးဆက်သစ်၊ တိုင်းပြည်၏ သွေးရင်းသားရင်း အားထားရမည့်သူများအဖြစ် မျှော်မှန်းအားပေး ရေးဖွဲ့ထားလေသည်။

**မေးမြန်းကြည့်သော်၊ လေးတန်းကျော်ပြီး**
**မိတ်ဖော်ပေါင်းဖက်၊ ငါးတန်းတက်မည့်**
**မျိုးဆက်သစ်များ၊ ပြည့်သွေးသားသည်**
**ကိုယ့်အားကိုယ်ကိုး၊ အားမာန်ကြိုး၍**
**နိုးကြားဖွေရှာ၊ စရိတ်ကာအောင်**
**သူငါ နားလျက်၊ ကျောင်းပိတ်ရက်မှာ**
**မပျက်နေ့စဉ် ရောင်းသတည်း။**

နိဂုံးအပိုဒ်ကို ရောက်လာပါပြီ။ ငုံးဥပြုတ်ရောင်း၍ ကျောင်းစရိတ်ရှာသော ကလေးငယ်တို့၏ ဘဝနှင့် အားမာန်ကို သိမြင်လိုက်သောအခါ ကဗျာဆရာဘာလုပ်ပါသနည်း။ ကလေးများသည် တိုင်းပြည်၏ ခွန်အားများဖြစ်သည်ဟု အလင်္ကာသုံး၍ ဖွဲ့ဆိုလိုက်သည်။ သူတို့၏လုပ်ရပ်ကြောင့် ငယ်ပင်ငယ်ငြားသော်လည်း လေးစားသွားလေသည်။ သူတို့ ရည်မှန်းချက်ကို တစ်ဖက်တစ်လမ်းက ကူညီဖြည့်ဆည်းပေးလိုသော စေတနာသဒ္ဒါတရားတဖွားဖွားပေါ်လာသည်။ ထို့ကြောင့် ကိုယ့်ဝမ်းကိုယ်ပင် မဖြည့်နိုင်လောက်အောင် ချွေတာခြိုးခြံနေရသော ကိုယ့်ဒုက္ခ၊ ကိုယ့်အကျပ်အတည်းကို လျစ်လျူရှုကာ ရှိစုမဲ့စုပါသမျှ ငွေကြေးကို ပညာရေးဒါနအဖြစ် ကုသိုလ်ယူလိုက်လေသည်။ သူဝမ်းဖြည့်နေသော ရေချိုရေသန့်ကိုပင် နေပူဒဏ်ခံနေရသော စျေးသည်ကလေးတွေ ရင်အေးမြအောင် တိုက်လိုက်ပါသေးသည်။ ဤလုပ်ရပ်အတွက် (၁) သူလည်း ဝမ်းသာပီတိဖြစ်ရပြီး (၂) ကလေးတို့လည်း ရွှင်လန်းသွားကြပါသည်ဟု . . . . အောက်ပါအတိုင်း ရေးဖွဲ့နိဂုံးချုပ်လိုက်ပါလေ၏။

**ထိုကလေးများ၊ ပြည့်ခွန်အားကို**
**လေးစားစိတ်မှာ၊ စေတနာကြောင့်**
**များစွာပေးမည့်၊ ငွေမရှိလည်း**
**ပါသည့်ငွေစ၊ နည်းငယ်မျှဖြင့်**
**ပြုရကုသိုလ်၊ ရေသန့်ချိုနှင့်**
**ပိုသည့်ငွေကြေး၊ ဝေမျှပေးသည်**
**အေးချမ်းကြည်နူး ပီတိဝေ။**
**ကလေးတို့လည်း ရွှင်လန်းစေ။ ။**

အထက်တွင် ရေးခဲ့သလို ရုပ်သွင်မှာ ရွက်ကြမ်းရေကျိုဖြစ်သော်လည်း စိတ်စေတနာအလွန်လှသော ကဗျာလေးဖြစ်ပါသည်။ အရောင်ဆိုးခြင်းမခံရသော ငုံးဥပြုတ်သည်ကလေးများ ဖြစ်လေသည်။ ပညာလိုလားသူကလေးတွေ ဖြစ်လေသည်။ လူငယ်ပညာရေးကို ပါးစပ်ဖြင့်မပြောဘဲ မရှိရှိတာကို လက်တွေ့မျှဝေ ပြလိုက်သော ပန်းချီကားတစ်ချပ်ဖြစ်သည်။ ဒီလိုပန်းချီကားတွေ များများ ရေးဆွဲနိုင်ကြစေလိုသည်။ မြဝတီမဂ္ဂဇင်းပါ "ငုံးဥပြုတ်သည်ကလေးများ" ကဗျာကို ကျွန်တော်အဲဒီလို ခံစားလိုက်ရပါသည်။ ။

## အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)၌ လူငယ်စကားဝိုင်းကျင်းပ




**နေပြည်တော် ဇူလိုင် ၁၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)တို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါစကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင်က "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့်အတိုင်း လူငယ်များသည် အနာဂတ် နိုင်ငံတော်၏ ခေါင်းဆောင်များဖြစ်ပါကြောင်း၊ ကျင့်ဝတ်နှင့် ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်ကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်း လိုက်နာကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တက္ကသိုလ်/ကောလိပ်များ၌ ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အာဇာနည်နေ့အကြောင်း သိကောင်းစရာများ သိရှိနိုင်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က အင်းစိန်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြေညီခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်ကြည်ကြည်ဆွေတို့က အမှာစကားပြောကြားပြီး စာရေးဆရာ ဝင်းနွယ်(ပုသိမ်) က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောကြောင်း သိရသည်။ **ဖွဲ့ထက်ကို (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**မုံရွာ ဇူလိုင် ၁၆**

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ် အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အမျိုးသား/ အမျိုးသမီး ဗိုလ်လုပွဲများအဖြစ် မီတာ ၄၀၀၊ မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲများနှင့် တန်းမြင့်ခုန်ပြိုင်ပွဲ၊ လုံ့တံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်က အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၏ဇနီးက အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ဇနီးက အမျိုးသမီး လုံ့တံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမျိုးသားလုံ့တံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမျိုးသား/ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမျိုးသား မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး တံခွန်စိုက်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား တံခွန်စိုက်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသော အင်းတော်မြို့နယ်အသင်းအားလည်းကောင်း ငွေသားဆုနှင့် တံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်ခဲ့သည်။(အပေါ်ပုံ)

**တိုင်းဒေသကြီး(မြန်/ဆက်)**



# ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ် အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသည်။(အပေါ်ပုံ)

ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဦးမင်းဦး၊ ဦးဟန်သူ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅) နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက ဖွင့်လှစ်ပေးပြီး ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားကာ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ နေပြည်တော်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ် ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပြည် ဇူလိုင် ၁၆**

ပဲခူးတိုင်း ဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေ ပိုမိုတိုးတက်ရရှိရေး၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။(အောက်ပုံ)

အဆိုပါ ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ရွှေထည်လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်း စုစုပေါင်း လုပ်ငန်းရှင် ၃၈၂၃ ဦးရှိကြောင်း၊ စားသောက်ဆိုင်များတွင်လည်း ပြေစာတောင်းယူနိုင်ရန်အတွက် စားသုံးသူမိဘပြည်သူများသို့ အသိပေးနှိုးဆော်စာကြော်ငြာစာဗီနိုင်းများ ကပ်ထားပြီးဖြစ်ကြောင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်း၊ ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှု မရှိခြင်းများတွေ့ရှိပါက အထောက်အထားနှင့်အတူ နီးစပ်ရာအခွန်ရုံးသို့တိုင်ကြားနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးဦးက အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဆက်(မြန်/ဆက်)**



# သာယာဝတီမြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**သာယာဝတီ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်က



သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ သာသနာ့ဗိမာန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထက်မျိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြိုးဖြိုးအောင်က အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ သင်တန်း ပြီးဆုံးပါက ထူးချွန်သင်တန်းသား ငါးဦးအား စိစစ်ရွေးချယ်၍ လုပ်ငန်းတည်ထောင်နိုင်ရန် စက်ပစ္စည်းများကို ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တောရိုးကျေးရွာ အုပ်စုမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကာ ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇော်(မြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

စာတည်းထံပေးစာ

# ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကျောခိုင်းပြီး မြို့ရွာများအတွင်း တိုက်ကွက်ဖော်ကာ ပြည်သူကို ဒုက္ခမျိုးစုံပေးနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား အမြစ်ဖြတ်ရှင်းလင်းဖယ်ရှားပေးပါရန်

**စာတည်းခင်ဗျား –**

ကျွန်တော်သည် ကယားပြည်နယ် လွိုင်ကော်မြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်တို့ ကယားပြည်နယ်သည် ဆယ်စုနှစ်များစွာ တည်ငြိမ်အေးချမ်းခဲ့သော ပြည်နယ်တစ်ခုဖြစ်ခဲ့ပါသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော်လည်း တပ်မတော်အစိုးရလက်ထက်တွင် လမ်း၊ တံတားများစွာ တည်ဆောက်ဖောက်လုပ်ပေးခဲ့ရုံမက တက္ကသိုလ်များ၊ ဆေးရုံများ၊ ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးခဲ့၍ ဒေသ၏လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ဒေသခံပြည်သူများအနေဖြင့်လည်း မချမ်းသာသည့်တိုင် ငြိမ်းချမ်းမှုရှိ၍ အေးချမ်းပျော်ရွှင်ခဲ့ကြရပါသည်။

သို့ရာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးအကြောင်းပြ၍ မြို့ရွာများအတွင်း တိုက်ကွက်ဖော်ကာ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လာခဲ့ကြပါသည်။

ကနဦးကာလတွင် မသိနားမလည်သူ တိုင်းရင်းသားပြည်သူအချို့က အကြမ်းဖက်သောင်းကျန်းသူများ၏ အလိမ်အညာစကားများကို နားယောင်ကာ ဒီကနေ့ပဲ သူတို့ပြောသည့် ဒီမိုကရေစီရတော့မလိုလို၊ ဖက်ဒရယ်ရတော့မလိုလို၊ နေ့ချင်းညချင်း ကြီးပွားချမ်းသာတော့မလိုလို ထင်ယောင်ထင်မှားဖြင့် မျှော်လင့်ခဲ့ကြပါသည်။

သို့သော် **"ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့ပါ"** ဆိုတဲ့ ဗမာစကားပုံအတိုင်း အချိန်ကြာလာသည်နှင့်အမျှ ကျွန်တော်တို့အားလုံး သိမြင်သဘောပေါက် နားလည်လာခဲ့ကြပါသည်။

အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များ၊ ဈေးများမကျန် အကာအကွယ်ယူ တိုက်ခိုက်ခဲ့ကြရုံမက မီးရှို့ဖျက်ဆီးခြင်း၊ အနီးပတ်ဝန်းကျင်ရှိပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့ကြရာမှ ယခင်က အေးချမ်းသာယာခဲ့သည့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများသည် စစ်တလင်းဖြစ်ခဲ့ရပြီး မြို့ပျက်၊ ရွာပျက်တစပြင်ပမာ ပျက်စီးခြင်းမက ပျက်စီးခဲ့ရပါသည်။ ဒေသခံပြည်သူများစွာတို့မှာလည်း ကိုယ့်ရပ်ကိုယ့်ရွာဇာတိမြေကို စွန့်ခွာ၍ စစ်ဘေးရှောင်ခဲ့ကြရပါသည်။

လက်ရှိမှာတော့ တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများကို ပြန်လည်တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့ပြီး လွိုင်ကော်မြို့ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် မြို့ရွာများအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။

ဒေသခံပြည်သူများအနေဖြင့်လည်း ယခုမှစိတ်အေးချမ်းသာရလာခဲ့ကြပါသည်။ စစ်ဘေးရှောင်ဒေသခံအချို့မှာလည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရတော့မည်ဖြစ်၍ ဝမ်းသာနေကြပါသည်။ ယခင်က အကြမ်းဖက်သောင်းကျန်းသူများ၏ အလိမ်အညာစကားများကို နားယောင်ခဲ့ကြသူအချို့လည်း နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်နှင့် စေတနာမှန်ကို နားလည်လာပြီး တပ်မတော်ကြီးကို ကြိုဆိုထောက်ခံလာခဲ့ကြပါသည်။

သို့ရာတွင် MNDAA နှင့် TNLA တို့၏ တစ်ကျော့ပြန် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လားရှိုးမြို့အပါအဝင် နယ်မြေဒေသအချို့တွင် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ရှိနေသေးသည်ကို တွေ့မြင်ရပါသည်။ ဘဝတူချင်းမို့ များစွာကိုယ်ချင်းစာနာမိပါသည်။

အမှန်တကယ်အားဖြင့် သောင်းကျန်းသူအဖွဲ့အစည်းများက ဒီမိုကရေစီအရေး၊ တန်းတူအခွင့်အရေး၊ ဖက်ဒရယ်အရေးဟု နှုတ်ကတဖွဖွ ပြောဆိုနေကြသော်လည်း စစ်ဘုရင်ဝါဒကိုလက်ကိုင်ပြုသူများသာ ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မျက်ကွယ်ပြုခဲ့ကြပါသည်။ ဒီမိုကရေစီအစိုးရ၊ လူထုအစိုးရပါဟု ဆိုသည့် ပြီးခဲ့သည့် ငါးနှစ်တာကာလတွင်လည်း NCA ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းအမျိုးမျိုးပြပြီး ကျောခိုင်းသူက ကျောခိုင်း၊ နိုင်ငံရေးကစားကွက် ခင်းသူကခင်း၊ အခြေအနေကို စောင့်ကြည့်သူက ကြည့်ဖြင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များနှင့် ထပ်၍ နိုင်ငံရေးကစားခဲ့ကြပါသည်။ နိုင်ငံတော်ကြီး အခက်အခဲဖြစ်ပေါ်သည့်အခါ၌မူ မူလစစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းလာခဲ့ကြပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူအပေါင်းက တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းရေးကို ကျောခိုင်းသူ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းမှန်သမျှနှင့် အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ရှုတ်ချရုံမက နိုင်ငံတော်နှင့် တပ်မတော်တို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ အမြစ်ဖြတ်ရှင်းလင်း ဖယ်ရှားကြရန် စာတည်းထံပေးစာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ဒေသခံပြည်သူတစ်ဦး**

## ဂန့်ဂေါမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ဇူလိုင် ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လာပို့ကျေးရွာမှ ပြည်သူနှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်း အမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခန့်က လာပို့ကျေးရွာ အနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ နယ်မြေခံတပ်ရင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ထိုသို့အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရသည့်အတွက် ညနေ ၆ နာရီခွဲခန့်တွင် အဆိုပါ နယ်မြေခံတပ်ရင်းအား အကြမ်းဖက်သမားများမှ လက်လုပ်စိန်ပြောင်းများ၊ ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမား ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ သေဆုံးခဲ့ရမှုအား ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## လွိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်ဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး**(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

"ဗွန်လကုန်လောက်က ရေသိပ်မရှိသေးဘူး။ ဇူလိုင်လဆန်းလောက်မှာ တံတားကြမ်းပြင်နဲ့ ခြောက်ပေလောက်အလိုမှာ ရှိသေးတယ်။ ရေထိန်းတံခါးဖွင့်လိုက်တော့ လက်ရှိမှာ အင်းရေက တံတားကြမ်းပြင်နဲ့ တစ်ပေလောက်အလိုထိ ရောက်နေတယ်။ ဒီရက်ပိုင်းမှာ ရေလာကြည့်တဲ့သူနဲ့ ငှက်လှေစီးသူတွေက ရေနည်းချိန်ကထက် များလာတယ်" ဟု ၎င်းကပြောသည်။

လက်ရှိတွင် တံတားကြမ်းပြင်မှ တိုင်းတာပါက အလယ်ဇရပ်၌ တစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး အရှေ့ဘက်နှင့် အနောက်ဘက် ဇရပ်နေရာများ၌ ကြမ်းပြင်မှ နှစ်ပေခန့်အလိုတွင် အင်းရေမျက်နှာပြင်ရောက်ရှိနေကြောင်း၊ မယ်ဇယ်တန်းနှင့် စားသောက်ဆိုင်နေရာများတွင်လည်း အင်းရေရောက်ရှိနေသဖြင့် အချို့ဆိုင်များ ခေတ္တပိတ်ထားရကြောင်း သိရသည်။

"လာမယ့်ရက်တွေမှာ အင်းရေက အကျဘက်သွားတော့မယ်။ ဒီညနေကဆိုရင် လေးလက်မလောက် လျော့သွားပြီ။ မြစ်ရေကျသွားရင် ဒီဘက်မှာလည်း တဖြည်းဖြည်းလျော့လာမယ်။ ပုံမှန်ရက်နဲ့နှိုင်းယှဉ်ရင် ရေကြီးချိန်လည်းဖြစ်တယ်။ စနေ၊ တနင်္ဂနွေနဲ့ ဥပုသ်ရက်တွေမှာ လာတဲ့သူများပြီး ငှက်လှေစီးသူလည်း များတယ်။ ရေလာကြည့်တဲ့သူတွေကြောင့် လူပိုပြီးများနေတာပေါ့"ဟု ဆက်လက်ပြောကြားသည်။

တောင်သမန်ငှက်လှေအသင်းတွင် ငှက်လှေအစင်း ၄၃ စင်းရှိပြီး ကိုဗစ်ကာလနောက်ပိုင်း ပြည်ပခရီးသွားနည်းပါးခြင်းနှင့် ပြည်တွင်းဧည့်သည်များ ငှက်လှေစီးမှုနည်းပါးခြင်းတို့ကြောင့် ယခင်နှစ်များထက် အစင်းရေလျော့နည်းလာကြောင်း၊ ငှက်လှေစီးခမှာ ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# လွိုင်ကော်မြို့ပေါ်ရှိ သံဃာတော်များ ဝါတွင်းကာလသီတင်းသုံးနိုင်ရေး၊ စာသင်တိုက်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး စီမံဆောင်ရွက်လျက်ရှိ



**လွိုင်ကော် ဇူလိုင် ၁၆**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ရွှေတောင်ပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ ရွှေတောင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ သီလာဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သံဃာတော်များ ဝါတွင်းကာလအတွင်း ပြန်လည် သီတင်းသုံးနိုင်ရေးနှင့် စာသင်တိုက်ပြန်လည်ဖွင့်လှစ် နိုင်ရေးအတွက် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

ထို့နောက် ရွှေတောင်ပရိယတ္တိစာသင်တိုက် အတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက် အမှောင့် ဆောင်ရွက်မှုကြောင့် ပျက်စီးသွားသည့် သာသနိကအဆောက်အဦများ၊ စေတီပုထိုးများအား မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက် ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သာသနိကအဆောက်အဦများ အမြန်ဆုံးပြန်လည် ပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများအား လိုအပ် သည်များ မှာကြားသည်။

ဆက်လက်၍ ရှေးဟောင်းအမွေအနှစ် နှစ်(၁၀၀) ပြည့် မင်္ဂလာဟော်ကြီး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ မင်္ဂလာဟော်ကြီးကျောင်း ဆရာတော် ပြည်နယ်သြဝါဒါစရိယ ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာအား သွားရောက်ဖူးမြော် ကြည်ညိုခဲ့ပြီး စာသင်တိုက်အတွင်း ရေ၊ မီးရရှိရေး ဆောင်ရွက်ပေးမည့် အစီအမံများ၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ပြန်လည်သီတင်းသုံးနိုင်ရေး နှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက် သို့ သွားရောက်၍ မြို့အင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ရွှေတောင်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်၊ ဒေါ်နိုးကူးရပ်ကွက်နှင့် ရှမ်းစုရပ်ကွက်များသို့ သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများ ၏ အဖျက်အမှောင့်ဆောင်ရွက်မှုကြောင့် ပျက်စီး ဆုံးရှုံးသွားသည့် ပြည်သူများ၏နေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး လိုက်လံတွေ့ဆုံအားပေးစကားပြောကြားကာ ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပမှုရှိစေ ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ရပ်မိ ၊ ရပ်ဖများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့သန့်ရှင်းသာယာလှပရေး စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ပရိဝုဏ်နှင့် နောင်ယားကန်သာ ပတ်လမ်းတစ်လျှောက် လမ်းဦးစီးဌာနနှင့် စည်ပင် သာယာရေးအဖွဲ့တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ စိတ်ချမ်း မြေ့စွာ လာရောက်အပန်းဖြေနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျစီမံ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူ များသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသို့ သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်ခဲ့မှုကြောင့် ပျက်စီးသွား သော နိုင်ငံပိုင်၊ ဌာနပိုင်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ရုံးလုပ်ငန်းများ၊ စည်ပင်သာယာ ရေးအဖွဲ့၏ လုပ်ငန်းများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေ ရေးအတွက် ဥပဒေနှင့်အညီ စနစ်တကျကြပ်မတ် စစ်ဆေးသွားရန် မှာကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လွိုင်ကော်မြို့ ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ တွင် ယခုအခါ လွိုင်ကော်မြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက် လျက်ရှိကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့မှုများကို ကနဦး စစ်တမ်းကောက်ယူခြင်း၊ ယာဉ်ယန္တရားများနှင့် လူများစုဖွဲ့ခြင်း စဉ်ဆက်မပြတ်ဆောင်ရွက်ရမည် ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် ပြုပြင်မွမ်းမံ ဆောင်ရွက်မည့် အစီအမံများ ပြုစုတင်ပြနိုင်ရေးနှင့် လတ်တလော အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကို တစ်ပြိုင်နက်တည်း ဆောင်ရွက် သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေးအတွက် ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်သုံးစွဲရန်မှာကြားလို ကြောင်း၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားပြီး ဒေသကွပ်ကဲရေး မှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အသီးသီးမှ ၎င်းတို့ဆောင်ရွက်နေသည့် ကဏ္ဍ အလိုက် ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

## တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဥပဒေစာကြည့်တိုက်အဆောက်အအုံအသစ်ဖွင့်

**ထားဝယ် ဇူလိုင် ၁၆**
တနင်္သာရီတိုင်းဒေသကြီး ဥပဒေ ချုပ်ရုံး ဥပဒေစာကြည့်တိုက် အဆောက်အအုံအသစ် ဖွင့်ပွဲကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဥပဒေ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသ ကြီးဥပဒေချုပ် ဦးအုန်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဥပဒေ စာကြည့်တိုက် အဆောက်အအုံ သစ်ကို လှည့်လည်ကြည့်ရှု လေ့လာသည်။

ဥပဒေ စာကြည့်တိုက် အဆောက်အအုံအသစ် ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသ ကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသ ကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ တက်ရောက် သည်။

စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်ပေါင်း ၁၅၀၀ ကျော်ခန့် ထားရှိပြီး စာအုပ်၊ စာစောင်များကို ဘာသာရပ်အလိုက် ထားရှိ သည်။ စာအုပ်၊ စာစောင်များ အပြင် ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် စာရေးဆရာ များက ရှုထောင့်အမျိုးမျိုးဖြင့် ရေးသားသော သုတ၊ ရသ စာအုပ် စာတမ်းများ၊ ဥပဒေရေးရာ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ဝေသော ဥပဒေသုတေသန စာတမ်း စာအုပ်များ၊ ညွှန်ကြား ချက်များ၊ ဥပဒေပညာဂျာနယ်၊ ဥပဒေရုံး ရည်ညွှန်းစာစောင်များ နှင့် နိုင်ငံတော်ပြန်တမ်းများကို နှစ်အလိုက် စုံလင်စွာထားရှိ ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ခရမ်း ဇူလိုင် ၁၆**
ရန်ကုန်တိုင်းဒေသကြီး ခရမ်း မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့် တိုင်းရင်းဆေး ကုသရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိ ပညာပေး ဟောပြောပွဲကို ယမန်နေ့က ခရမ်း မြို့အ.ထ.က(၁) စိန်ရတု အစည်း အဝေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် အ.ထ.က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေက အမှာစကား ပြောကြားပြီး ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက လူငယ်ရေးရာအကြောင်း၊ စားသုံး သူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ကျော့ကေခိုင်က စားသုံးသူ အခွင့်အရေးဆိုင်ရာများ၊ မြို့နယ် တိုင်းရင်းဆေး ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမြတ်ထက်က ပြင်းထန် ဝမ်းပျက်ဝမ်းလျော ရောဂါနှင့် ရာသီတုပ်ကွေးကူးစက် ပုံနှင့် ကာကွယ်ရန် နည်းစနစ် များ၊ အကြောင်းကို ဟောပြော ဆွေးနွေးသည်။

ဟောပြောပွဲ အပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အာဇာနည်နေ့ အထိမ်းအမှတ် ပိုစတာများ၊ လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေး စာစောင်များကို ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများ က စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

◆ *ကျော့ဖုံးမှ*

အီတလီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ထားသည်။

အသက် ၅၃ နှစ်အရွယ် နည်းပြဆောက်ဂိတ်သည် အင်္ဂလန်အသင်း ကို ရှစ်နှစ်အတွင်း ပွဲပေါင်း ၁၀၂ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့သည်။ ၎င်း၏ စာချုပ်သက်တမ်းမှာ ယခုနှစ်နှောင်းပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သည်။ ဘောလုံးအဖွဲ့အမှုဆောင်ချုပ် မာ့ခ်ဘူးလင်ဂမ်က နည်းပြဆောက်ဂိတ်၏ နေရာကို အစားထိုးရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြောသည်။

အင်္ဂလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၇ ရက် တွင် နေရှင်းလိဂ်ပြိုင်ပွဲ၌ အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။

ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို အဓိက ပြိုင်ပွဲကြီးလေးခု တွင် နည်းပြခွင့်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားတွင် ဆီမီးဖိုင်နယ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားတွင် ကွာတားဖိုင်နယ်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

**အောင်ဇော်**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် အဖျောက်မြို့အား ဧရာဝတီမြစ်ရေမြင့်တက်လာမှုမှ ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်နေသည့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက်က တိုက်ကြီးမြို့နယ် အဖျောက်မြို့အား ဧရာဝတီမြစ်ရေ မြင့်တက်လာမှုမှ ကာကွယ်နိုင်ရေးကြိုတင်ပြင်ဆင်နေသည့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုက်ကြီးမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ အဖျောက်မြို့၏ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။



ထို့နောက် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ဧရာဝတီမြစ်ရေ မြင့်တက်လာပါက အဖျောက်မြို့အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် မြစ်ကမ်းဘေးတွင် ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေပြန်ကျေးရွာအနီးရေကာတန်းများ ဆောင်ရွက်ထားရှိမှု၊ ကမ်းရင်းတာနှင့်ပန်းတာအတွင်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပန်းတုန်းပိတ်ကျေးရွာ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခြောက်နာရီခြား တစ်ခါရေ အမှတ်တိုင်းတာရန်၊ ယခင်နှစ်များက ကမ်းပြိုသည့် နေရာများကြံ့ခိုင်မှုရှိသော ရေကာများဖြစ်စေရေးနှင့် ဧရာဝတီမြစ်ရေ မြင့်တက်ချိန်ရောက်ရှိပါက မြစ်ကမ်းပါးများ ထပ်မံပြိုကျလာနိုင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး ကျရောက်လာနိုင်သောကြောင့် တာဝန်ရှိသူများအနေဖြင့် ရပ်ရွာနေပြည်သူများ အန္တရာယ်ကင်းရေး ယခုကတည်းက လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ စနစ်တကျဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်ကာ ပြည်ခရိုင် ရွှေတောင်မြို့ပေါ်ရှိ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများသည် ကြာနီကန်ရပ်ကွက် ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ကြာနီကန်ရပ်ကွက်၊ ရွှေမျက်မှန်ဘုရားဝင်း အတွင်းရှိ ဓမ္မာရုံ၌ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ ၅၃၀ တို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၁၆**

ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခန့် (၁၅၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၁၃၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအောက်သို့ ၁ ပေခွဲခန့် (၄၁ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေကျော်ခန့် (၁၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေကျော်ခန့် (၁၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ်**ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ်**ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့၊ ဆိပ်သာမြို့၊ ဖောင်းပြင်မြို့နယ်၊ မြစ်ငယ်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန် တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask) များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှ လည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ" ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြ ဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမှ မန္တလေးသို့ မင်းဇော် မောင်းနှင်ပြီး မင်းကို လိုက်ပါသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှစိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၄) မြို့ရှောင်လမ်း၌ မောင်ငယ်(ခ) ကျော်ကြီးကို ၁၈ ဘီးတွဲယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂၅ သန်းနှင့်အတူ ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၂,၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၂,၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာအနီးတွင် အိုင်အဲန်ကျော က် မောင်းနှင်ပြီး အိုက်ခမ်းကွမ် လိုက်ပါလာသည့် MITSUBISHI OUTLANDER မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အိုက်အဲန်ကျောက် (၂၇) နှစ်နှင့် အိုက်ခမ်းကွမ် (၂၀) နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတကာသတင်း



## ရီပတ်ဘလီကင်သမ္မတလောင်းအဖြစ် တင်သွင်းခံရပြီးနောက် လူအများရှေ့ ဒေါ်နယ်ထရမ့် ထွက်ပေါ်လာ

**ဝါရှင်တန် ဇူလိုင် ၁၆**

ဒေါ်နယ်ထရမ့်သည် မဲဆွယ်စည်းရုံးပွဲတစ်ခု၌ သေနတ်ပစ်ခတ်လုပ်ကြံခံရမှုမှ လွတ်မြောက်ပြီးနောက် နှစ်ရက်အကြာတွင် ရီပတ်ဘလီကင်ပါတီ၏ သမ္မတလောင်းအဖြစ် တရားဝင် အမည်စာရင်း တင်သွင်းခံခဲ့ရကြောင်း သိရသည်။

၎င်းသည် တနင်္လာနေ့က ဝစ္စကွန်ဆင်ပြည်နယ် မီလ်ဝေါကီးမြို့၌ စတင်ခဲ့သော ရီပတ်ဘလီကင်အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည်။ ၎င်းသည် စနေနေ့က ပင်ဆယ်ဗေးနီးယားပြည်နယ် မဲဆွယ်စည်းရုံးပွဲတစ်ခုအတွင်း သေနတ်ပစ်ခတ်လုပ်ကြံခံရပြီးနောက် ပထမဆုံးအကြိမ် လူအများရှေ့မှောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတဟောင်းသည် ထိခိုက်ဒဏ်ရာရရှိခဲ့သော ညာဘက်နားရွက်ကို ပတ်တီးစည်းထားပြီး ၎င်းကို ထောက်ခံသူများအား လက်ဝှေ့ယမ်း နှုတ်ဆက်၍ ပြုံးပြခဲ့သည်။ ထရမ့်သည် ညီလာခံ၌ ပြည်နယ်ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကို ရရှိခဲ့သည်။ အိုဟိုင်းယိုးပြည်နယ် အထက်လွှတ်တော်အမတ် ဂျေဒီဗန့်စ်ကိုလည်း နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ပူးတွဲအရွေးခံမည့်သူအဖြစ် အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် အထက်လွှတ်တော်အမတ်သည် ထရမ့်၏ America First မူဝါဒကို အခိုင်အမာ ထောက်ခံသူအဖြစ် လူသိများသည်။ ထရမ့်သည် ကြာသပတေးနေ့ ညီလာခံနောက်ဆုံးနေ့တွင် သမ္မတလောင်းအဖြစ် လက်ခံသည့် မိန့်ခွန်းကို ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံ၌ ခရီးသွားလုပ်ငန်းတွင် အနည်းဆုံး ၇ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် ရည်မှန်းလုပ်ဆောင်

**ဘန်ကောက် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ်၌ အရေးပါသော ခရီးသွားလုပ်ငန်းတွင် အနည်းဆုံး ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုရှိရန် ရည်မှန်းချက်ထားကာ ဝင်ငွေ ၃ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၁၆ ဘီလီယံခန့်) ရရှိရေး ရည်မှန်း လုပ်ဆောင်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းအေဂျင်စီက တနင်္လာနေ့တွင် ပြောသည်။

ထိုင်းနိုင်ငံသည် နိုင်ငံနှင့်ဒေသပေါင်း ၉၃ ခုမှ နိုင်ငံသားများကို ဗီဇာကင်းလွတ် ဝင်ခွင့်ပြုမည့်အစီအစဉ်ကို တိုးမြှင့်ခဲ့သည်။ ထို့ပြင် ၎င်းတို့ကို ဗီဇာမလိုဘဲ ရက်ပေါင်း ၆၀ အထိ နေထိုင်ခွင့်ကိုလည်း ခွင့်ပြုခဲ့သည်။ ယခုနှစ်တွင်လက်ရှိအချိန်အထိ ထိုင်းနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားများအနက် တရုတ်နိုင်ငံက ၃ ဒသမ ၅၈ သန်းဖြင့် အများဆုံးဖြစ်သည်။

ထိုင်းနိုင်ငံသည် နိုင်ငံခြားခရီးသွား ၁၈ ဒသမ ၂ သန်းကျော်ကို ကြိုဆိုခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ အချက်အလက်အရ သိရသည်။ ၂၀၁၉ ခုနှစ် ကိုဗစ်ကပ်ရောဂါမတိုင်မီတွင် ထိုင်းနိုင်ငံသည် နိုင်ငံခြားခရီးသွား ၃၉ ဒသမ ၉ သန်း စံချိန်တင်လာရောက်ခဲ့ပြီး ဝင်ငွေ ဘတ် ၁ ဒသမ ၉၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈၉ ဘီလီယံခန့်) အထိ ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## အာဖဂန်နစ္စတန်နိုင်ငံ၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ၃၅ ဦးသေဆုံးပြီး ၂၅၀ ထိခိုက်ဒဏ်ရာရ

**ဂျာလာလာဘတ် ဇူလိုင် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ တနင်္လာနေ့ မွန်းလွဲပိုင်းက မိုးသက်မုန်တိုင်းကျရောက်ခဲ့ပြီး ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သောကြောင့် ၃၅ ဦးထက် မနည်းသေဆုံးကာ အခြား ၂၅၀ ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဖြစ်ရပ်ကြောင့် ထိခိုက်သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ တနင်္လာနေ့ နံနက်ပိုင်းတွင် နန်ဂါဟာ၏ အိမ်နီးချင်း ခူနာပြည်နယ်တွင် အလားတူ ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် မေလနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးပြီး လူပေါင်းထောင်ချီ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ **ဆင်ဟွာ**

## အာဇာနည်ဗိမာန်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀) မျိုးစာရင်း




## အာဇာနည်ဗိမာန်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်း မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်




## အာဇာနည်နေ့ နှိုးဆော်သံ

❊ ကဗျာစာစီ မမေ့မပျောက်ပါ ခွန်းဆင်သပါလို့
အာဇာနည်နေ့ အရောက်မှာ
အမွှမ်းတင်ရမှာဖြင့်
မွေးသဖပမာအသွင် ထာဝစဉ်
မြတ်နိုးတန်ဖိုးထားရပါတဲ့
အမျိုးသားခေါင်းဆောင်
သူ့နှုတ်ဖျားဆီက
မြွက်ကြားတဲ့မိန့်ခွန်းတွေ။

❊ "ရဲဘော်တို့...
အကျယ်ချဲ့ကာရှည်ရှည်မပြောချင်ဘူး
စစ်သဘောမှာခပ်ရှင်းရှင်း
ဆင်းရဲမယ်ငတ်မယ်ဒုက္ခခံရမယ်
အမှန်တကယ်သတိကြီးစွာထားရမှာက
မြန်မာ့ရန်သူကိုချေမှုန်းကြ
အနီးကပ်ဆုံးရန်သူကိုရှာပြီးတိုက်ကြ
ဒါပဲ... " တဲ့
တကတည်းဗျာ မျိုးချစ်သွေး
နီစွေးလှပေ။

❊ မုချအမှန်ပါ
ဒုက္ခ အပြန်တစ်ရာကဲစေတော့
မလျှော့ဖွဲ့ခိုင်မာစွာနှင့်
နိုင်ငံမှာအချုပ်အခြာမြဲစေဖို့
ဖွဲ့သန်သန် ရဲမာန်လွှားပါလို့
(ဗိုလ်ချုပ်ရဲ့)
သားမြေးတစ်တွေမှာမြန်မာပြည်အရေးကိုလ
အသက်ပေးလို့ကာကွယ်နေ
မြင်ပါစေခင်ဗျ အဖဗိုလ်ချုပ်အောင်ဆန်း။

❊ သားမြေးပမာလေ
အားမွေးပါမသွေမြန်မာပြည်သားတို့ရဲ့
ခင်ဗျားတို့ကျွန်တော်တို့အဖိုးအဖေဟာ
အမျိုးအဆွေမြန်မာတွေအတွက်အသက်စွန့်ခဲ့တာမို့
ရဲဝံ့စွာအမွေခံစိတ်ရယ်နှင့်
အရိပ်နေနေအခက်ချိုးချိုး
စိတ်တေလေ ရမွှက်ဆိုးတွေဖြင့်
အမျိုးဖျက်လာ ရန်အပေါင်းကိုလ
ထောင်းထောင်းညက်အမှုန့်ခြေရန်
သန္နိဋ္ဌာန်ခိုင်ခိုင်မြဲစွာနှင့်
လက်တွဲကာခရီးဆုံးသည်အထိ
စည်းလုံးစွာတညီတညွတ်
ဆွတ်စို့အောင်ပန်း။ ။

မြင်းမူမောင်နိုင်မိုး

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များလှူဒါန်း

**နတ်မောက် ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) စာကြည့်တိုက်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြို့နယ်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်လတ်လတ်ဆွေနှင့် အဖွဲ့ဝင်များက မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာဖတ်ပရိသတ်များ စာအုပ်စာစောင်များစုံလင်စွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ အမျိုးသမီးရေးရာမဂ္ဂဇင်း၊ မေတ္တာစမ်းရေမဂ္ဂဇင်း စသည့်သုတ/ရသစာအုပ်များကို လာရောက်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က လက်ခံယူခဲ့သည်။

**သိမ့်သိမ့်မိုး**






## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၆ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၀ ကျပ် | ၂၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၀ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၂၀ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၉၀၀ | ၁၅၇၄ | ၁၃၅၅၆၉၀၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၆၅၁၀ | ၂၁၈၁၄၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၃၀ | ၄၉၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၉၂၆ | ၁၅၃၄၁၅၀ |
| AHPC | ၄၇၀၀ | ၄၁၀၀ | ၂၁၃ | ၁၀၀၀၅၀၀ |
| MAEPC | ၃၃၅၀ | ၃၆၅၀ | ၃၀၀ | ၁၀၉၅၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၆

၁။ ဦးကျော်မင်းထွေး နှင့် ဦးခင်မောင်လတ်
၂။ ဒေါ်သင်းမြမြအေး

(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အမှတ်(၁၁/၇)ရပ်နေ ဦးခင်မောင်လတ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မင်းထွေး ပါ-၂က တရားလိုများပိုင်မြေကွက်အတွင်းသို့ ဝင်ရောက် ကျူးကျော်ဆောက်လုပ်ထားသော ခြံစည်းရိုး၊ အုတ်တံတိုင်းများအား ဖျက်သိမ်းဖယ်ရှားပြီး မြေလက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ရက်(၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၄၃၅)နေ ဒေါ်လှဝင်းမြင့်(ဘ)ဦးသိန်းညွန့် ၁၂/အစန(နိုင်)၁၀၅၆၈၆မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၈)နေဦးအောင်ဇော်မိုး(ဘ)ဦးလှဒင် ၈/တတက(နိုင်) ၀၄၉၀၀၄အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၆-၂၀၁၉)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၄၃၆/၂၀၁၉)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဝင်းမြင့် ၁၂/အစန(နိုင်) ၁၀၅၆၈၆**
**ဖုန်း-၀၉-၇၈၀၅၄၉၄၇၀**

## ဖခင်အမည်မှန်

ထားဝယ်မြို့နယ်၊ ရောင်းမော်ရွာနေ အထက(ခွဲ) ရောင်းမော် Grade-8 မှ မဇင်ဇင်အောင်၏ ဖခင် ဦးသန်းဦး၏ အမည်မှန်မှာ ဦးသန်းနိုင်ဦး ၆/ကသန (နိုင်) ၁၄၅၄၉၅ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်ဦး**

## အမှားပြင်ဆင်ချက်

၁၂-၇-၂၀၂၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ -၃၀တွင်ပါရှိသော ဦးသီဟစိုး၏ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက် ထားခြင်းတွင် ၅၆ယ/၆၀၈၅၉ အစား ၆၅ယ/၆၀၈၅၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၂၂)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၅၄/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရွှေရှမ်း ၉/မရတ(နိုင်)၁၀၆၇၂၇က အမှုတွဲအမှတ်(၂၀၇၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် H၊ ဦးပိုင်အမှတ်(၁၁၆)၊ ၆၇x၆၈လမ်းကြား၊ ဝေရတ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖူဖိန်း ၁၃/လရန(နိုင်) ၀၉၁၇၈၉က အမှုတွဲအမှတ် (၂၁၁၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဓမ္မာရုံရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အိမ်အမှတ် ခ/၅၈(ခ)နေ ဦးအောင်ကျော်မိုး - ဒေါ်ချိုချိုပြုံး တို့၏သမီး မမိုးပြည့်သွယ်(ခ) မအိမ့်ဖူးမြတ်ပိုင် ၂/လကန(နိုင်)၁၁၇၈၄၈ သည် မိဘဆိုဆုံးမစကားအားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်မိုး - ဒေါ်ချိုချိုပြုံး**

## သင့် သွေး ဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၂၉၂၂)၊ ဧရိယာ(၀.၀၅၄)ဧကကို အမည်ပေါက်ဒေါ်ခင်သက်မွန်မြင့် (တရားရှုံး)ကိုယ်စား ပျဉ်းမနားခရိုင်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဒေါ်ခင်ခင်နွယ် (ဘ)ဦးခင်လှ ၁၄/လပတ(နိုင်)၁၈၀၆၂၅မှ ဒေါ်ဖြူဖြူသင်း(ဘ)ဦးတင်ထွန်း ၈/တတက (နိုင်)၀၈၂၅၃၀နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပျဉ်းမနားခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ် ၃၂၄/၂၀၂ တရားမဇာရီမှုအမှတ် ၃၁/၂၀၂၃တို့တင်ပြ၍လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးမောင်ကွန်၏သမီး ပင်လောင်းမြို့၊ အထက(ခွဲ) တောင်လေး မှ အခြေခံပညာအထက် တန်းဆင့်အောင်မြင်ခဲ့သော မူနန်းရောင် ၁၃/ပလန(နိုင်)၁၂၈၂၇၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၄-၂၀၀၆)ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၂၄ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၃၁)ပါ ဦးထွန်းအောင်လှိုင်အမည်ဖြင့် အများသိစေရန် ကြော်ငြာမှ ဒေါ်ကြည်ကြည်သိန်း ဂရန်အမည်ပေါက် အစား ဦးထွန်းအောင်လှိုင် ဂရန်အမည်ပေါက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ်(၁၃)လမ်း၊ (၄) ရပ်ကွက်၊ တိုက်အမှတ်(၃၆)၊ အခန်းအမှတ်(၁)နေ ဒေါ်ခတ္တာမိုးမြင့်ဦး ၁၂/ရကန(နိုင်) ၀၇၇၅၅၀၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ် မိတ်ဆွေဖြစ်သူသည် အမှတ် (၁၂၅/ဘီ) မြေညီ+ပထမထပ်(ဟောင်ကောင်)၊ (၉၄)လမ်း၊ ကန်အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိုက်ခန်းနှင့်ထို တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၂-၆-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်းခန်း/သားသမီး(၂)ဦးနှင့် ပတ်သက်၍ သဘောတူဝန်ခံကတိပြုစာချုပ်အရ ပိုင်ဆိုင်ခဲ့ပါသည်။

ထို့ကြောင့်ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခတ္တာမိုးမြင့်ဦး ၁၂/ရကန(နိုင်) ၀၇၇၅၅၀၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ အဆိုပါမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအား ရောင်းချခြင်း/ပေါင်နှံခြင်း/တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူနှင့် လက်ခံဆောင်ရွက်သူတို့အား ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မော်မော်ခင်** — **ဒေါ်သဲအိစံ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)**
**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅)၊ ရန်နိုင်လမ်းသွယ်(၃)၊ (၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၃၀၁၃၄, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိန် ၆/မမန(နိုင်)၁၂၆၂၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၄၅၂၈, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၆/မအရ(နိုင်) ၀၃၇၁၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/95286, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းထက်ယမင်းအောင် ၁၃/ဆဆန(နိုင်)၀၉၂၇၀၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/57665, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၅/အရတ(နိုင်)၁၃၃၀၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၄၁၆)၊ (လူနေရပ်ကွက်အခေါ်ဝေါ် အမှတ်(၁၄၁၆)၊ မောင်းမကန်ကမ်းသာလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့) အကျယ်အဝန်း(၂၄၃၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိရေမီးစုံ အပါအဝင် ယင်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်ယုအင် (၆/မအရ (နိုင်) ၀၁၇၁၇၀) အမည်ဖြင့်မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်မှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့် အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ဦး (LLB, LL.M)** — **ဒေါ်ညိုမာ (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(က) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁၂၄)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၁၄၇/၂၀၁၃-၂၀၁၄ အရ ဒေါက်တာအေးအေးသိန်း အမည်ဖြင့် ရရှိခဲ့ပြီး (၂၃-၂-၂၀၂၄)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အသစ်) လျှောက်ထားနိုင်ရေး ဒေါက်တာအေးအေးသိန်း ၆/မအရ(နိုင်)၀၃၂၆၃၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ များရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ အထက(၁) Grade-2မှ မောင်ချစ်ချမ်းအောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးကျော်သက်လွင် ၇/အဖန(နိုင်) ၀၈၄၈၀၃ ဖြစ်ပါကြောင်း။

**ဦးကျော်သက်လွင်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၂၈၁)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၅၈/၁၉၉၃-၁၉၉၄ အရ ဒေါ်ဆန်တီအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၆၃/၂၀၁၆) ဖြင့် ဦးဟန်မင်းစိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဟန်မင်းစိုး ၆/မမန(နိုင်)၁၃၄၂၀၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၉၇၅၁, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသက် ၆/ထဝန(နိုင်)၀၈၅၁၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စံပညာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12(A)တွင် ပညာသင်ကြားနေသော မသင်းသီရိ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန့်ဇော် ဖြစ်ပါကြောင်း။

**ဦးသန့်ဇော် ၉/တသန(နိုင်)၀၉၃၉၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/အနော်မာရပ်ကွက်)၊ မြို့ပတ်လမ်း၊ အမှတ် ၂(က+ခ) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် မြေရှင်များဖြစ်သော ဦးသန်းထွန်း ၁၂/ဒဂန(နိုင်)၀၀၇၆၆၄၊ ဒေါ်သန်းနွဲ့ ၁၂/သကတ(နိုင်)၀၄၇၀၁၃ နှင့် ကန်ထရိုက်တာများဖြစ်သော ဦးတင်အေး ၁၂/မဂတ(နိုင်)၀၆၇၆၉၈ တို့ အခန်းပေး အခန်းယူ ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၆)ထပ်တိုက် တိုက်ခန်းများ အနက်မှ(၆လွှာ)၊ (ပဉ္စမထပ်)၊ အကျယ်အဝန်း(၁၃ပေ/ ၁၄ပေ X၅၄ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်ထားသူ ကန်ထရိုက်တာ ဦးတင်အေးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သောဦးထက်ကိုကို ၈/ပခက(နိုင်)၂၆၁၅၇၄မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ် ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးခင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၅၀/၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၄၀၄၇၅၃၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀.၁၄၆ဧက၊ မြေကွက်အမှတ် ဥ-၆၄၅၇၊ ဦးဝင်းဆိုင် (ဘ)ဦးအောင်ဝင်း အမည်ပေါက်၊ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်စန္ဒာစုဝင်း ၁၂/ဥကတ(နိုင်)၀၅၀၀၄၅(ဘ)ဦးအောင်ကြည်မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူး ကိုယ်စားလှယ်လွှဲစာ အမှတ် ၂၃၂၁၅/၂၀၂၃(၁-၁၁-၂၀၂၃)တင်ပြ၍ ဒေါ်ဝင်းတာတာထွဋ် ၈/ခမန(နိုင်)၀၀၂၀၄၉(ဘ)ဦးတင်ထွဋ် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဦးဌေးအောင် ၁၂/သကတ(နိုင်)၀၇၉၇၆၈ (ဘ)ဦးဘတင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၄၂၁၁)ကို နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၀၆/၂၀၁၄ (၂၄-၁၂-၂၀၁၄)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မျိုးအေး ၉/မထလ(နိုင်)၁၂၉၃၄၅ (ဘ)ဦးထွန်းလှအောင်မှ ဒေါ်ပြည့်ပြည့်ရတနာမြင့် ၆/ထဝန(နိုင်)၁၁၂၆၀၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အောင်သပြေရပ်နေ (ဘ)ဦးသောင်းညွန့် ၏သား ဦးဝင်းကိုအား ဦးဝင်းကိုမြင့် ၉/ညဥန(နိုင်)၀၀၆၀၈၄ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဝင်းကိုမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဒေါ်နော်ဂျူးနာဝါးရှီး (၁၂/ဒဂန(နိုင်)၀၂၇၈၁၉)၏ အမည်မှန်မှာ ဒေါ်နော်ဂျူးနာဝါးရှီးနှင့် နော်ဂျူးနာဝါးရှီး ဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။




## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ သစ်လေးလုံးရွာ၊ ကောင်းကင်ကြယ် ကိုယ်ပိုင်ကျောင်း Grade-12 မှ မသက်သက်အေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/လဝန(နိုင်)၁၉၃၆၈၆ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၉၈-၁၈၊ ဦးပိုင်အမှတ် (၃-က)၊ ၄၉x၅၀ လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဒေါ်နုနုထွေးအမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်နုနုထွေး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၂၈၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးချစ်ကိုကို ၁၃/ကလန (နိုင်)၀၅၁၉၀၈ကအမှုတွဲအမှတ် (၂၁၅၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၆၄၀၃၃, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဝင်း ၉/မထလ (နိုင်) ၃၄၀၂၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ.၇၊ ဦးပိုင်အမှတ်(၁၀၅)၊ ၇၀လမ်းx၁၀၉လမ်းထောင့်ရှိ ဒေါ်မာတင်၊ ဦးသန်းမြင့်ထွန်းတို့ အမည်ပေါက် ဂရန်မြေကွက်အား မိခင်ဖြစ်သူ ဒေါ်မာတင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၅၀၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဖခင်ဖြစ်သူ ဦးချစ်စိန် ၅/တဆန(နိုင်) ၀၆၇၃၆၂ သားဖြစ်သူ ဦးသန်းမြင့်ထွန်း ၉/ခအဇ(နိုင်) ၀၁၆၃၇၈တို့က အမှုတွဲအမှတ် (၂၁၅၉/၂၀၂၄-၂၀၂၅)ဖြင့်သက်တမ်းတိုး ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ် (၁၀၃၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးလှမောင် (EG-၀၅၃၁၁၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အေး (၈/ခမန (နိုင်) ၀၀၆၀၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၄၀၁၉၊ ဥ-၄၀၂၀၊ ဥ-၄၀၂၁၊ ဥ-၄၀၂၂ ၊ ဦးဇာနည်ကြိုင်(ဘ) ဦးရွှေကြိုင် ၁၂/ဒဂန(နိုင်)၀၂၆၈၀၂ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးဇာနည်ကြိုင် (ဘ) ဦးရွှေကြိုင် ၁၂/ဒဂန(နိုင်)၀၂၆၈၀၂မှ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

